

THE
FLOWER MOON
TRANSLATION TEAM

# ပူကြူးလေးရဲ့ စူပါဒယ်ဒီ

(Chapter 1 - 12)

စာစဥ် – ၁

# ပူကြူးလေးရဲ့ စူပါဒယ်ဒီ
# (Priceless Baby's Sugar Daddy)
## အပိုင်း(၁)
## သူက အရမ်းအားသန်ခဲ့တာ။

ငါမင်းကို ဘယ်လောက်ချစ်သလဲ ဆိုတာကို မင်းမေးခဲ့တယ်။ ငါ မင်းအပေါ် ချစ်တဲ့အချစ်က စက္ကန့်နဲ့အမျှပဲ။ အချိန်ဆိုတာ ဘယ်တော့မှ ပျောက်ကွယ်မသွားသလို ငါ့ရဲ့နှလုံးသားကလည်း အချိန်နဲ့အမျှရှေ့ဆက်နေမှာဘဲ။

__ဟွာယိုရှန်

ပေကျင်း၊ ကိုင်ရီးအာ ဟိုတယ်၊ အခန်းနံပါတ် ၁၁၀၉။

အခန်းတွင်း အလင်းရောင် ဝါဖျော့ဖျော့။ အမွှေးနံ့တစ်မျိုးမျိုးက လေထုထဲတွင် ရစ်သိုင်းနေသည်။

ရှုရှီယန်၏လည်ချောင်းတစ်လျှောက် ပူနွေးခါးသက်သောအရည်များ စီးဝင်သွားလေသည်။ သူမကို ကြမ်းပြင်ပေါ်တွင် အမှိုက်တစ်စလိုပင် ပစ်ဖယ်ထားသည်။ သူမ၏ဝေဝါးနေသော မြင်ကွင်းတွင် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက် နက်နက်နဲနဲနမ်းရှိုက်နေပြီး ခရီးဆက်နေသည့် ပုံရိပ်များကို မပီမသမြင်တွေ့လေသည်။

ထိုမြင်ကွင်းကို စိုက်ကြည့်နေသောသူမ၊ လက်သည်းများဖြင့် အသားထဲသို့ ထိုးစိတ်ပြီး စူးနစ်သော နာကျင်မှုဖြင့် သတိမလွတ်အောင် ထိန်းလေသည်။

သူ့ရှေ့က နှစ်ယောက်က သူ့ရဲ့ချစ်ရသူ ချူယုဟီနဲ့ သူမအစ်မရှုရှင်းရိလား။

ရှုရှီယန်၊ သူမ၏ ရင်ထဲကို ရုတ်တရက် မြားအစင်းတစ်ရာ စိုက်လိုက်သလိုပင် နာကျင်အံ့သြရပေသည်။ သူမ၏ ရင်ဘတ်သည် အစိတ်စိတ်အမွှာမွှာဖြစ်အောင် ပေါက်ကွဲလေမလားပင် ထင်ရသည်။

ဘယ်လိုများ သူတို့ကြောင့်က ဒီလိုဖြစ်သွားရတာလဲ။

သူမကို သူ့ရဲ့ဘဝတစ်လျှောက် ချစ်မြတ်နိုးပါ့မယ့်အကြောင်း တဖွဖွပြောတဲ့သူက နောက်ကွယ်မှာ ဖောက်ပြန်နေတယ့် အကြောင်းက တကယ့်ကို မယုံနိုင်စရာပင်။

"တော်ပြီနော် အသည်းလေး။ ငါတို့သွားရအောင်။ မစ္စတာလီ ခဏနေရောက်လာတော့မှာ။"

အချိန်များစွာ နမ်းရှိုက်ပြီးတဲ့နောက် ချူယုဟီသည် ရှုရှင်းရိုနှင့်ခွာကာ ချိုသာစွာ ပြောလိုက်လေသည်။

ရှုရှင်းရိုသည် ချူယုဟီ၏ပခုံးပေါ်သို့ လက်တင်ကာ ကြမ်းပြင်ပေါ်တွင် လဲနေသော လူဆီသို့ တစ်ချက်ကြည့်လိုက်ကာ အထင်သေးအသံဖြင့်

"အဲဒါဆိုရင် မစ္စတာလီက ရှုရှီယန်အတွက် မင်းရဲ့ အနုပညာလုပ်ငန်းမှာ ၅ဝမီလီယံ ရင်းနှီးမြှုပ်နှံမှာပေါ့"။

ချူယုဟီသည် သူမ၏မျက်နှာလေးကို ဆွဲဖွဲ့လျက် ရယ်မောကာ

" ငါကမင်းကို ဘယ်လိုလုပ်လိမ်မှာလဲ။ ၅ဝမီလီယံက ငါ့အကောင့်ထဲ အရင်ရောက်နေပြီ။ အဲဒီပိုက်ဆံကို အခု ပွဲအသစ်တစ်ခုမှာ သုံးလိုက်ပြီး မင်းကို အဓိက မင်းသမီးနေရာပေးမယ်၊ မင်းအဖေကို ဒါရိုက်တာ လုပ်ခိုင်းမှာနော်။"

"အခု ငါ့ကိုပြောသလို လုပ်ပေးရမှာနော်။"

ရှင်းရှင်းရို ကျေနပ်စွာဆိုလေသည်။

ထပ်ပြီး သူမ ခံရခက်စွာပင်

"မစ္စတာက အရမ်းသဘောကောင်းနေတာ။ အဲဒီကောင်မနဲ့အိပ်ဖို့ကို ၅ဂမီလီယံသုံးရအောင် ဘာများထူးခြားနေတယ်ဆိုတာ စဉ်းစားလို့ကိုမရဘူး။ ဘယ်လိုလဲ၊ မင်းကကော၊ သူက ငါ့ထက်ကောင်းတယ် ထင်လား။"

ချူယုဟီသည် လှောင်ပြောင်သော ဟားတိုက်သံဖြင့်

"ဟာ။ ဘာမှမဟုတ်ဘူး။ ဒီအတိုင်း အူတူတူနဲ့ ပျင်းစရာကောင်းတဲ့သူကြီး။ သူ့မှာ သူ့စိတ်နဲ့သူကိုမရှိဘူး။ အဲလိုမျိုးလူနဲ့ မင်းနဲ့ ဘယ်လိုနှိုင်းလို့ရမှာလဲ။ မင်းရဲ့လက်သန်းလောက်တောင် မတန်ဘူး။"

ဒါက ချူယုဟီ သူမအကြောင်းကို ပြောနေခြင်းပေ။

နာခံတတ်တဲ့မိန်းကလေးတွေကသာ သူ့အကြိုက်လို့ ပြောခဲ့တာမဟုတ်လေဘူးလား။ ဒါကြောင့်မို့ သူပြောသမျှကို ဟုတ်တစ်လုံးနဲ့ သူမတုံ့ပြန်ခဲ့ခြင်းသာ။ သူမ တတ်နိုင်သမျှ ကြင်နာမှုရှိတဲ့ ချစ်သူကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားခဲ့ခြင်းသာ။ အခုများတော့ဖြင့် သူက ဘာမှမဟုတ်ဘူး၊ အရူး အအ၊ ပျင်းစရာ ကောင်းတဲ့၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်မရှိတဲ့ လူတစ်ယောက်လေတဲ့လား။

ရှုရှင်းယိုသည် အားရကျေနပ် ဝမ်းသာသောအသံဖြင့်

"မစ္စတာလီနဲ့ အိပ်ပြီးတာနဲ့ ပါပါရာဇီတွေနဲ့အဖေကို သူတို့အိပ်ရာထဲကပုံဖမ်းဖို့ခေါ်လာမယ်...။ ဟား ...၊ ပေကျင်းတစ်မြို့လုံးမှာ သူ့ရဲ့ ဂုဏ်သတင်းလေး မွှေးပျံ့သွားတော့မှာပေါ့။ အဲအခါကျ ကိုက သူ့ကို အဲဒီကိစ္စနဲ့ပတ်သက်ပြီး လမ်းခွဲသလိုလုပ်လိုက်။"

ဒါတွေက သူ့အတွက် ပြင်ဆင်ထားတာတွေပေါ့။

ဟား ... ဘယ်လောက်တောင် တော်တဲ့သူတွေလဲ။

"အသည်းလေးက အရမ်းတော်လိုက်တာ"

ချူယုဟီ သူမကို ချီးကျူးပြီး သူမ၏ပခုံးကို ဆွဲဖက်ကာ

"ကဲ တိတ်ဆိတ်နဲ့နေရာကို သွားရအောင်ကွာ။ ကိုယ့်အသည်းလေး မွေးနေ့အတွက် ဆက်(စ်)ပရိုက် ပြင်ထားတာရှိတယ်။"

"တကယ်လား။ မစောင့်နိုင်တော့ဘူး။"

သူတို့ယောက် အခန်းတံခါးကို မစ္စတာလီအတွက် ဖွင့်ပေးခဲ့ကာ ထွက်သွားလေသည်။

ရှုရှီယန်၊ သူမ ကြမ်းပြင်ပေါ်တွင် လဲနေသော်လည်း နှလုံးသားတစ်စုံကမူ တုန်လှုပ်ချောက်ချားနေလေသည်။ အေးစက်နေသော နှင်းပြင်ပေါ်တွင် လှဲနေသယောင်၊ တစ်စုံတစ်ယောက်သည် သူမ၏နှလုံးသားအား ဓားသွားထက်ထက်ဖြင့် အပိုင်းပိုင်း အတစ်တစ် တစ်စစီဖြစ်သည့်အထိ ခုတ်ထစ်နေသယောင်ပင် ခံစားရသည်။

အကြောတွေထုံထိုင်းကာ အသက်ရှူမဝဖြစ်လာပြီး ရင်ဘတ်တွေ အောင့်လာလေသည်။

ဒီဖြစ်ပျက်ခဲ့တာများအား သူမ၏မျက်လုံးဖြင့် မမြင်ခဲ့၊ နားဖြင့်မကြားခဲ့ပါမူ၊ သူမကို အဆီရွှဲဗိုက်ပူမစ္စတာလီထံ မီလီယံ၅၀ အတွက် ရောင်းမည်ဆိုသည်မှာ ယုံနိုင်ဖွယ်ရာမရှိ။

ချူယုဟီဆိုသည်မှာ သူမနှင့်အတူတူ ကြီးပြင်းလာခဲ့သော သူမချစ်သူပင်။ သူမသည်လည်း ကြိုက်နှစ်သက်သလို ဖခင်ဖြစ်သူနှင့်လည်း နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သူ ဖြစ်ပေသည်။ သူမအတွက် ဆုံးပါးသွားသော အမေချန်ခဲ့သော ပိုက်ဆံများကိုပင် ချူယုဟီ၏ ဂျူရှင်အနုပညာလုပ်ငန်း စတင်ရန်အတွက် ကူညီပေးခဲ့လေသည် မဟုတ်ပါလား။

သူတစ်ခါပြောခဲ့ဖူးတဲ့ သူ့ရဲ့စီးပွားရေး ကြီးထွားလာတဲ့အချိန်ကျမှ လက်ထပ်ရင် တင့်တောင်းတင့်တယ် ကောင်းကောင်းမွန်မွန် ထားနိုင်တယ်။ ပျော်ရွှင်စရာ မိသားစု ဖြစ်နိုင်တယ် ဆိုတာတွေဟာလည်း အလိမ်အညာတွေပဲလား။

ရှုရှင်းယို သူတို့ကြယောက်ဟာ ဖအေတူ အမေကွဲတွေပေမဲ့ သူမကို တကယ့်ညီအစ်မအရင်းလို နှစ်ပေါင်းများစွာ ဆက်ဆံပေးခဲ့တယ်လေ။ သူ့ကို ကူညီပေးတဲ့အကူအညီ ကြင်နာမှုတွေက ရှုရှင်းယို လုပ်ကြံထားတာတွေပဲလား။

သူ့ဘဝတွင် အယုံကြည်ဆုံး လူ၂ယောက်သာရှိသည်။ သို့သော် ယခုတွင် ထိုလူ၂ယောက်စလုံးသည် သူမအား သစ္စာဖောက်ကာ ရောင်းစားသွားကြပြီ။ အခုထပ်ပြီး ရှုဂျင်ရှန်ပင်။ အဖေဟု ခေါ်ထိုက်ရဲ့လားပင်မသိ။

ဘယ်လိုအဖေမျိုးက ကိုယ့်ကျိုးအတွက် သားသမီးကို ရောင်းစားမှာလဲ။

သူမ မည်မျှနာကြည်း၊ နာကျင်နေကြောင်းကို မည်သည့်စကားလုံးနှင့်မျှ စာမဖွဲ့နိုင်ပေ။ ဤလူအကုန်လုံးဟာ ကိုယ်ကျိုးစီးပွားအတွက် တွေ့ဆုံသူချည်းသာ။ သူတို့၏ မျက်နှာဖုံးကွာကျချိန်ဟာ အရမ်းရုပ်ဆိုး အကျည်းတန်ကာ ရွံစရာ ကောင်းလှပေသည်။

သူမရင်ဆိုင်ရတော့မည့် ဆိုးရွားလှသော အခက်ခဲကြီးကို စဉ်းစားကြည့်ရင်းပင် ရှုရှီယန် ခံရသူဖြစ်စေမည့်အစား သေခြင်းသာ ရွေးချယ်ချင်ပေ။

အချိန်တစ်ခု၌ သူမ မျက်နှာတွင် ထူးဆန်းသော အမူအရာ ပေါ်လာပေသည်။ သူမ၏ ခန္ဓာကိုယ်အပူချိန် ပုံမှန်မဟုတ်လာသည်နှင့် သူမသောက်ထားသော အရက်ဟာ သာမန်အရက်မဟုတ်မှန်း သိလိုက်လေသည်။ ခေါင်းတွေ တဖြည်းဖြည်း လေးလံလာသည်။ သူမ၏ကျန်ရှိနေသော အသိစိတ်လေးနှင့်အတူ နံပါတ်တစ်ခုကို ဖုန်းခေါ်ဆိုလိုက်လေသည်။

အချိန်တွေ မည်မျှကြာကြောင်း ဘုရားသာသိပေမည်။ သူမ သတိမလွတ်တလွတ် ဖြစ်နေချိန် နီးကပ်လာသော ဖိနပ်သံတစ်သံကို ကြားလိုက်ရပေသည်။ သူမ၏ ခန္ဓာကိုယ်အား သန်မာသော လက်တစ်စုံ၏ ပွေ့ယူခြင်းကို ခံလိုက်ရပေသည်။ တစ်ခဏတာမျှ သူမ အားတင်းကာ မျက်လုံးဖွင့် ကြည့်လိုက်လေသည်။ ထိုသူ၏ နက်နဲသော မျက်လုံးတစ်စုံ၊ ပါးပါးလွလွနှင့် ဆွဲဆောင်မှုရှိသော နှုတ်ခမ်းတစ်စုံ။ အားပျော့ပြီး အေးမြသော ထိုလူ၏ ကိုယ်ရနံ့။ ထိုနောက် ထိုလူ၏ တောင့်တင်းခိုင်မာသော ရင်ပြင်ကျယ်ကို ဖက်တွယ်ကာ လုံးဝမျှမလွှတ်တော့ပေ။

သူမ၏ခန္ဓာကိုယ်ထဲမှ ထိုးထွက်လာသောအပူသည် သူမ၏ စိတ်လွတ်ထွက်သွား၍ တုံ့ဆိုင်းမှုမရှိ ပြုမူစေရန် လှုံ့ဆော်ပေးနေသယောင်။ သူမ တဖြည်းဖြည်း ခေါင်းကိုမတ်လိုက်ကာ သူမ၏လက်ဖြင့် လည်ပင်းကိုဆွဲဖက်၍ ထိုလူ၏ ပါးလွှာသော နှုတ်ခမ်းတစ်စုံကို စတင် နမ်းရှိုက်လိုက်လေသည်။ အတွေ့ကြုံမရှိသော အနမ်းမည်သည် ကာရန်မရှိ စည်းချက်မညီနှင့်ပေ။ သို့သော် ယောကျ်ားတစ်ယောက်၏ ငြိမ်နေသော စိတ်ကို လှုံ့ဆော်နိုင်ပေသည်။ ထိုလူသည် တစ်ပတ်လှည့်ကာ သူမအား သူ၏အောက်တွင် လှောင်အိမ်မှလွှတ်လာ၍ ဆာလှောင်နေသော သားရဲတစ်ကောင်ကဲ့သို့ ဖိနှပ်ထားလေသည်။ အရမ်းအားကောင်းသောကြောင့် သူမအရိုးတွေပင် အစိတ်စိတ်အမွှာမွှာ ဖြစ်သယောင်။

နာကျင်မှု ရုတ်တရက် တိုးဝင်လာမှုဟာ သူမ၏လက်သည်းတွေရဲ့ တည်နေရာကို ထိုလူ၏အသားထဲသို့ ခေါ်ဆောင်လာလေသည်။ ထိုလူကို မလွတ်တမ်း ကိုက်ခဲထားလေသည်။ ကိုက်ခဲထားမှုကြောင့် သူမ၏သွားများတွင်ပင် သွေးညှီနံ့ ခံစားလာရသည်။ ထိုလူကို တွန်းကန်၊ ရုန်းကန်သည်။ သိုသော် သူမတွင် မည်သည့်အားပင်မရှိ။ သူမ၏ ခန္ဓာကိုယ်အပူချိန်မှာ တစ်

ကိုယ်လုံးကို ဝါးမျိုနေခြင်းပင်။ ထိုလူ၏ အေးစက်နေသော ခန္ဓာကိုယ်သည်သာ သူ၏ကူကယ်ရာ ဖြစ်သယောင်။ နာကျင်မှုဟာ တစ်စနှင့်တစ်စ တစ်မျိုးတစ်ဖုံ ပြောင်းလဲလေပြီး သူမကို နက်ရှိုင်းထက် နက်ရှိုင်းစေသယောင်။

ဘယ်သူလဲ။

မနက်ဖြန်ဆို ဘာဖြစ်နေမလဲ။

ဘယ်လို လူမဆန်တဲ့လုပ်ရပ်တွေများ သူမကို စောင့်ကြိုနေလေမလဲ။

မပေါ့ဆသင့်ဘူး။

သို့သော် သူမ ယခု သိသည်မှာ ယခုညအတွက် ထိုလူကို လိုအပ်သည်သာ။

***